EMBASSY OF JAPAN
YANGON, MYANMAR

From
the People of Japan

# သတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက်ဂျပန်အစိုးရ၏တတိယအကြိမ်မြောက်အရေးပေါ်အကူအညီ

၁။ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖူမီအိုခီရှိဒ သည်၊ စက်တင်ဘာလ ၈ ရက်နေ့တွင်ပြုလုပ်သော အစိုးရအဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်းရေဘေးသင့်ဒုက္ခသည်များအတွက် ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထို့အပြင်၊ ရေကြီးရေလျှံမှုများကြောင့် နေအိမ်စွန့်ခွာရသူများအတွက် ဂျပန်အစိုးရအနေဖြင့်နောက်ထပ်အကူအညီများပေးရန်လည်းထပ်လောင်းပြောကြားခဲ့ပါသည်။

၂။ မြန်မာနိုင်ငံသည် ပြီးခဲ့သောဇူလိုင်လ (၁၆) ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်မြန်မာနိုင်ငံ တစ်ဝန်းလုံးရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ထောင်ပေါင်းများစွာသောလူများမှာလည်းနေအိမ်စွန့်ခွာရွှေ့ပြောင်း ခဲ့ရပါသည်။

၃။ ဂျပန်အစိုးရသည်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ မေတ္တာရပ်ခံချက်အရ၊ ကျောင်းများထပ်မံဆောက်လုပ်ရေး၊ ရေသန့်နှင့်ရေတွင်းတူးစက်ကားများ ပေးအပ်ရန်အတွက် ဂျပန်ယန်း ၅ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း၄၀ ခန့်) အထိ တိုးချဲ့ထောက်ပံ့ရန် ဆုံးဖြတ်ခဲ့ပါသည်။

၄။ ဂျပန်အစိုးရမှ ယခုနှစ် မြန်မာနိုင်ငံရေဘေးအတွက် အောက်ဖော် ပြပါအတိုင်း နှစ်ကြိမ်တိတိ အကူအညီပေးအပ်ခဲ့ပါသည်။

က) ဩဂုတ်လ (၄) ရက်နေ့တွင်ဂျပန်အစိုးရသည်အရေးပေါ် အကူအညီအဖြစ် စောင်၊အိပ်ယာ နှင့် ပလတ်စတစ်အခင်း အစရှိသော ဂျပန်ယန်း၁၈ မီလီယံ (အမေရိကန်ဒေါ်လာ ၁၅၀၀၀)တန်ဖိုးရှိသော ပစ္စည်းများကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှတဆင့် ထောက်ပံ့ခဲ့ပါသည်။

ခ) ဩဂုတ်လ (၁၄) ရက်နေ့တွင်လည်း ဂျပန်အစိုးရသည် အရေးပေါ်လူသားချင်း စာနာထောက်ပံ့မှု အနေဖြင့် အစားအစာ၊ ရေနှင့်သန့်ရှင်းရေး၊ နားခိုရန်နေရာ နှင့်နေ့စဉ်သုံးပစ္စည်းများအစရှိသည်တို့အတွက် ဂျပန်ယန်း ၃၂၅ (မီလီယံ အမေရိကန်ဒေါ်လာ၂.၆ သန်း) တန်ဖိုးရှိသောပစ္စည်းများကို ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရံပုံငွေ (UNICEF)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ချုပ် (IFRC) ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) တို့ မှတစ်ဆင့်ထောက်ပံ့ ပေးအပ်လှူဒါန်းခဲ့ပါသည်။